အောင်သာယာကျေးရွာ
မံမလင်းကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်
ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အောင်သာယာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဗန်းမော်မြို့နယ်၏အကူအညီဖြင့်ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၂၃

မာတိကာ

မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

(က) သီးနှံစိုက်ပျိုးရေး

(ခ)မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၈

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၈

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး ၉

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၉

၆။ ပညာရေး ၉

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉-၁၀

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၀

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၁-၁၅

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၆-၈၄

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၈၄-၉၂


1:45 PM
24.286449,97.160170
Dropped pin
Near Kawng Sint
Directions
Save
Share



၁။တည်နေရာနှင့်ပထဝီအနေအထား

အောင်သာယာကျေးရွာသည် ဗန်းမော်မြို့နှင့် (၁၅)မိုင်ခန့် အကွာတွင်တည်ရှိသည်။ ကျေးရွာ၏ မြေအနေအထားမှာ မြေပြန့် ဖြစ်သည်။ အိမ်ခြေ(၆၁)အိမ်၊ လူဦးရေ(၂၈၃)ဦး ရှိသည်။ တိုင်းရင်းသားလူမျိုးစုများ အနည်းငယ် နေထိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာဖြစ်သည်။

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၇၀.၁)ခန့်နှင့် မိုးရွာရက်(၉၈)ရက်ခန့် ရှိသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္ထုနှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက်သဲနှင့် ကျောက်များ အသင့်အတင့်ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (အမည်မသိ) အပင်များရှိသော်လည်း စည်းကမ်းမဲ့ခုတ်ယူခြင်းနှင့် စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းများကြောင့် ရှားပါးလာပြီး ထိရောက်စွာ အသုံးချနိုင်မှုမရှိပါ။ သဘာဝတောရိုင်းတိရစ္ဆာန်များ ယခင်ကရှိသော်လည်း စည်းကမ်းမဲ့ဖမ်းယူစားသောက်ကြသောကြောင့် မျိုးသုန်း ပျောက်ကွယ်ကုန်ကြသည်။ စိုက်ပျိုးမြေအနေဖြင့် လယ်(၁၀၀)ဧက၊ ယာ(၇၀)ဧကနှင့် ဥယျာဉ်ခြံ(၂၅)ဧက စုစုပေါင်းစိုက်ပျိုးမြေ ဧကစုစုပေါင်း (၁၉၅)ဧကရှိပြီး စပါး၊ ပြောင်း၊ မြေတောက်ပဲ နှင့်မြေပဲကို အဓိက စိုက်ပျိုး၍ ရာသီပေါ်ဟင်းသီးဟင်းရွက်များကိုလည်း အနည်းငယ် စိုက်ပျိုး ကြသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အောင်သာယာကျေးရွာအတွင်း အဖွဲ့ပေါင်း (၃) ဖွဲ့ရှိပြီး အဖွဲ့ (၂)ဖွဲ့မှာ ဘာသာရေးနှင့် လူမှုရေးကို အခြေခံသောအဖွဲ့များဖြစ်ကြပြီး ကျန်(၁)ဖွဲ့မှာ လူမှုဖွံ့ဖြိုးရေးနှင့်ငွေကြေး (ငွေစု/ငွေချေး)ကိုအခြေခံသောအဖွဲ့ဖြစ်သည်။ ရပ်ရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် ပေါ်ခိန်၊ မယ်ခိန်၊ လူငယ်အဖွဲ့များမှာ စွမ်းဆောင်နိုင်မှုလည်းကောင်းသည်။ အောင်သာယာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ဧကအထက်တောင်သူကြီး(၁၈)ဦး၊ ၁၂.၅ဧကနှင့် ၅ဧကကြားတောင်သူလတ် (၁၅)အိမ်ထောင်စုနှင့် ၅ဧကအောက်တောင်သူငယ်(၁၇)ဦးနှင့် ၂.၅ဧကအောက်တောင်သူ(၁၀)ဦး၊ မြေယာမဲ့ (-)ဦး ရှိသည်။ အဓိကအားဖြင့် စပါး၊ ပြောင်းနှင့် မြေပဲတို့ကို စိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေး ယခင်ကအသင့်အတင့် ကောင်းသော်လည်း ဓါတ်မြေဩဇာများ အလွန်အကျွံ အသုံးပြုမှုကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာသည်။

ကျေးရွာတွင် လယ်အများစုမှာ မိုးရေနှင့် အဝီစိတွင်းတိမ်များကို အဓိကထား စိုက်ပျိုးကြရသည်။ စပါးထွက်နှုန်းမှာတစ်ဧကပျှမ်းမျှ (၉၀) တင်းထွက်သည်။ ပြောင်းပျှမ်းမျှ ထွက်နှုန်းမှာ ဆောင်းပြောင်း (၈၀)တင်းနှင့် မိုးပြောင်း (၈၀) တင်းနှုန်းထွက်သည်။ မိုးပြောင်းကို တောင်သူအနည်းငယ်သာ စိုက်ပျိုးသည်။ မြေပဲပျမ်းမျှ(၇၀)တင်းနှင့် မြေတောက်ပဲ ပျမ်းမျှ(၉၀)တင်းနှုန်းထွက်သည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင်ထွန်စက်သေး (၄၀)စင်းပိုင်ဆိုင်သည်။ လက်တွန်း ထွန်စက်ငှားရမ်း အသုံးပြုမည်ဆိုပါက တစ်ရာသီစပါး (၅၀)တင်းလျှင် တစ်ရက်ငှားခ စပါး (၅)တင်းပေးရသည်။ ရိတ်သိမ်းစက် ငှားရမ်းမည်ဆိုပါက တစ်ရက်ငှားလျှင် စပါး ၇-၈ တင်းပေးကြ ရသည်။ ဧက (၂၅၀၀၀)နှုန်းပေးကြရသည်။ ခြွေလှေ့စက်ငှားရမ်းခမှာလည်း စပါးတင်း ၁၀၀လျှင် ၃-၄ တင်း ပေးရသည်။ ရေစုပ်စက်ကို ကိုယ်ပိုင်အဖြစ်သာ အသုံးပြုလေ့ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်သဘာဝရေမြေရာသီတုအနေဖြင့် မြေဆီမကောင်း၊ မြေဆီလွှာများ ခမ်းခြောက်လာသည်။ ချေးငွေဝန်ဆောင်မှု အလွယ်တကူရရှိနိုင်သည်။ သီးနှံမျိုးစေ့များ ဝယ်ယူ ရရှိနိုင်သော်လည်း ဈေးကြီးသောကြောင့်ဝယ်ယူရန်ခက်ခဲသည်။ သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ ဝယ်ယူရန်ခက်ခဲသည်။ စိုက်ပျိုးရေးထွက်ကုန်များကိုရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။နည်းပညာဝန်ဆောင်မှုများလည်းမရှိပါ။ ဖျက်ပိုးနှင့် ရောဂါများကျရောက်သည်။ ထို့ကြောင့်စိုက်ပျိုးရေးထွက်နှုန်းတိုးစေရန် ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်းများ၊ သဘာဝမြေဆွေးပြုလုပ်နည်းနှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း သင်တန်းများလိုအပ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိ။ တစ်ပိုင်တစ်နိုင်သာမွေးမြူလေ့ရှိကြသည်။ နွားကို(၂၅)အိမ်မှ(၄၃)ကောင်၊ ကျွဲကို (၅)အိမ်မှ (၁၈)ကောင်၊ ဝက်ကို(၅)အိမ်မှ(၂၀)ကောင်၊ ကြက်ကို(၆၁)အိမ်မှ (၁၀၀)ကောင် မွေးမြူကြသည်။မွေးမြူရေးလုပ်ကိုင်ရာတွင် စာကျက်မြေသီးသန့်မရှိ။ နှစ်စဉ်ရာသီရောဂါများကျရောက်လေ့ ရှိသော်လည်း ဆုံးရှုံးမှု နည်းသည်။ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိ။ မျိုးကောင်းမျိုးသန့်များလည်း ဝယ်ယူလို့မရရှိခြင်းစသည့် အခက်အခဲများရှိသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်း တိုးတက်စေရန် နည်းပညာသင်တန်းများလိုအပ်သည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသည်။ ဈေးကွက်အခြေအနေကိုကောင်းစွာနားမလည်ကြ။ အသေးစားအလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း အလွယ်တကူမရရှိကြပါ။ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခု

တတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိကြပါ။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်လိုကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သမဝါယမချေးငွေ၊ စိုက်ဘဏ်နှင့် အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဟူ၍ ငွေချေးခြင်း (၃)မျိုး ရှိသည်။ (၃)ခုလုံးမှာကာလတို/လတ်ချေးငွေများဖြစ်ပြီး လိုအပ်သည့်အချိန်၊ လိုအပ်သလောက်မရနိုင် ကြပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေသမ္ဘာန် (၁၀)စင်း၊ စက်လှေ (၅)စင်း၊ စက်ဘီး (၂၀) စင်း၊ မော်တော်ဆိုင်ကယ်(၆၁)စီး၊ သုံးဘီးဆိုင်ကယ်(-)စီး၊ ထော်လာကျီ(၅)စီးနှင့် ကား(၂)စီး ၊နွားလှည်း(၁၀)စီး ရှိသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီ သွားလာရခက်ခဲသည်။ မိုးရာသီတွင် ကျေးရွာလမ်းများ ရေဝပ်သောကြောင့် ကောင်းမွန်သော ရေမြောင်းစနစ်များ တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် ရွံ့၊ ဗွက်များ ဖြစ်သောကြောင့် လယ်ယာထွက်ကုန်များ သယ်ယူရန်များစွာခက်ခဲသည်။ ထို့ကြောင့် ကုန်ထုတ်လမ်း ပြုပြင်ရန်လိုအပ်သည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် အိမ်ခြေ (၆၁) ရှိသော်လည်း မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲနိုင်သူ ၃၅ အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် ဆိုလာမီးကိုသာ သုံးစွဲနေရသည်။ မဟာဓါတ်အားလိုင်းတိုးချဲ့ပေးရန်နှင့် မီတာဘောက်များ ချပေးရန် လိုအပ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် (၆၁)လုံးရှိပြီး အမ်ပီတီ၊တယ်လီနော၊မိုင်တဲနှင့် အော်ရီဒူးဖုန်းများကို အများဆုံးအသုံးပြုကြသည်။ တီဗီ(၁၀) လုံးနှင့် ဂြိုလ်တုစလိုင်း (၁၀) လုံးရှိသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာဖြစ်ပြီး ကျောင်းဆောင်(၁)ဆောင် သာရှိသော်လည်း ကျောင်းသားအရေအတွက်အရ ကျောင်းဆောင်လုံလောက်မှုရှိသည်။ ဝန်ထမ်းအိမ်ရာလုံလောက်မှုမရှိသောကြောင့် အဝေးမှလာရောက်သင်ကြားရသောဆရာ/ဆရာမ များ မှာကျောင်းချိန်နောက်ကျခြင်းများရှိသည်။ ကျေးရွာ၏ ပညာရေးအခြေအနေမှာ အသင့်တင့်ရှိသည်။ ကျေးရွာတွင်

အလယ်တန်းနှင့် အထက်တန်းကျောင်းအဆင့်ကို (၂)မိုင် ခန့်ဝေးသော မံမလင်းကျေးရွာသို့ သွားရောက် တက်ကြရသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူအနည်းငယ် ရှိပါသည်။ ကျောင်းပရိဘောဂများနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများလည်း လုံလောက်မှု ရှိပါသည်။ ယခင်က ကျောင်းအဟာရ တိုက်ကျွေးမှုများရှိသော်လည်း ယခုမရှိတော့ပါ။ ကျောင်း သောက်ရေသန့် အနေဖြင့် လုံလောက်မှုမရှိခြင်း၊ ရေအရည်အသွေးညံ့သောကြောင့် ကျောင်း သောက်ရေရရှိရေးနှင့် ရေသန့်စက်တပ်ဆင်ပေးရန် လိုအပ်ပါသည်။

စာမတတ်သော လူဦးရေများမှာ သက်ကြီးရွယ်အိုများဖြစ်ကြသော်လည်း အနည်းငယ်သာရှိ သည်။ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုများမှာ တဖြည်းဖြည်း နည်းလာသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီအစဉ်များမရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနိမ့်ကာ ကျန်းမာရေးအသင့်အတင့် ကောင်းမွန် ကြသည်။ ကျေးလက်ကျန်းမာရေး ဌာနခွဲမရှိ (၁)မိုင်ခန့်ဝေးသော မံမလင်းကျေးရွာ သို့သွားကြ ရသည်။ မြို့နယ်ဆေးရုံသို့သွားလိုလျှင် မိုင် (၁၅) ခန့်ဝေးသည်။

ကျေးရွာတွင် စက်တပ်အဝီစိတွင်း(၂)တွင်း ရှိသည်။ ငွေကြေးတတ်နိုင်သော အိမ်ထောင်စု များက စက်ရုံထုတ်ရေသန့်များကို ဝယ်ယူသောက်သုံးကြသည်။ ထို့ကြောင့် သန့်ရှင်းသော ရေသန့်စင်စနစ်နှင့် ရေသွယ်ရေတိုင်စနစ်ထူထောင်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် (၆၁) အိမ်ရှိသည့်အနက်သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ(၆၁)အိမ် ရှိသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု ၊ မြေယာမဲ့ဆင်းရဲသားတောင်သူနှင့် လက်လုပ်လက်စားကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေ အနေကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်၊ တိရစ္ဆာန်မျိုးကွဲများနှင့် စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓာတုဆေးဝါး များကို စနစ်တကျသုံးစွဲခြင်းမရှိ အလွန်အကျွံသုံးစွဲသောကြောင့် ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ် မှု တွင်လည်း အန္တရာယ်ရှိမှုမြင့်ဖြစ်သည်။ သဘာဝပေါက်ပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထုတ်ယူသုံးစွဲ ခြင်းကြောင့် ရှားပါးလာပြီဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ကျေးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အားနည်းနေသည်။ လမ်းဆုံနေရာများတွင် အမှိုက်ပုံးများထားခြင်း၊ အမှိုက်သိမ်းလုပ်သားနှင့်အမှိုက်သိမ်းယာဉ်များထူထောင်ခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ကန်များ တည်ဆောက်ပေးရန်လိုပါသည်။

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

အောင်သာယာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း စီမံအုပ်ချုပ်မှုပိုင်းတွင် ရွေးချယ်တင်မြောက်ခြင်း ၊ နေရာ ပေးခန့်ထားခြင်းများမရှိပါ။

၁၀။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ(အောင်သာယာကျေးရွာ)

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ကျေးရွာတွင်းခန်းမဆောင်တည်ဆောက်ခြင်း ၂။ရွာတွင်းလမ်းများကွန်ဂရစ်လမ်းခင်းခြင်း ၃။ကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း ၄။ကျေးရွာတွင်းရေနုတ်မြောင်းစနစ်	၁
၂	စိုက်ပျိုးရေးရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။မြစ်ရိုးပြုပြင်ခြင်း	၂
၃	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများထောက်ပံ့ပေးရန် ၂။ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း ၃။အရေးပေါ်လူနာတင်ယာဉ် ၄။ကျေးရွာမိခင်ဝိုင်းထူထောင်ခြင်း	၃
၄	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။အားကစားပစ္စည်းများပံ့ပိုးခြင်း ၂။ယဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိပညာပေးသင်တန်း ၃။မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း ၄။လူကုန်ကူးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း ၅။နှစ်စဉ်စာပေဟောပြောပွဲကျင်းပခြင်း ၆။အင်တာနက်အကျိုးရှိရှိအသုံးပြုနည်းသင်တန်း ၇။ကိုယ်ခံပညာသင်တန်း	၄

		၈။ကွန်ပျူတာသင်တန်း ၉။အင်္ဂလိပ်စာသင်တန်း	
၅	အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုစီမံကိန်း	၁။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း ၂။အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း	၅
၆	ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုဖွံ့ဖြိုး ရေး စီမံကိန်း	၁။မွေးမြူရေးမြစိမ်းရောင်စီမံကိန်း ၂။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ	၆
၇	မွေးမြူရေး နည်းပညာဖွံ့ဖြိုးမှု စီမံကိန်း	၁။တိရိစ္ဆာန်များကာကွယ်ဆေးထိုးခြင်း ၂။ဥစား/အသားစားစံပြမွေးမြူခြင်း	၇
၈	စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်မှုဖွံ့ဖြိုး ရေး စီမံကိန်း	၁။စပါး၊ပြောင်း၊မြေပဲ၊မြေတောက်ပဲမျိုးကောင်း မျိုးသန့်ရရှိရေး ၂။မြေဩဇာထောက်ပံ့ခြင်း ၃။အဆင့်မြှင့်လယ်ယာဖော်ဆောင်ပေးရန်	၈
၉	သောက်ရေနှင့် သန့်ရှင်း မှုဖွံ့ဖြိုးမှုစီမံကိန်း	၁။ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်	၉
၁၀	စိုက်/မွေးမဟုတ် သောအသက်မွေး ဝမ်း ကျောင်းနည်း ပညာဖွံ့ဖြိုး မှုစီမံကိန်း	၁။ ပိုမိုကောင်းမွန်အောင်ထုတ်လုပ်နိုင်မည့် နည်းပညာသင်တန်း ၂။အလှပြင်သင်တန်း ၃။စက်ချုပ်/ဒီဇိုင်နာသင်တန်း ၄။အိမ်တွင်းလျှပ်စစ်ပြုပြင်သင်တန်း ၅။အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှု	၁၀

		သင်တန်း ၆။လက်သမား/ပန်းရံအဆင့်မြှင့်တင်ရေးသင်တန်း ၇။တယ်လီဖုန်းပြုပြင်နည်းသင်တန်း ၈။ဝါရိန်ဆော်သင်တန်း ၉။ယို/ဝိုင်ပြုလုပ်နည်းသင်တန်း ၁၀။မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း ၁၁။ဆပ်ပြာပြုလုပ်နည်းသင်တန်း	
၁၁	စိုက်ပျိုးရေးနည်း ပညာဖွံ့ဖြိုးရေး စီမံကိန်း	၁။စိုက်ပျိုးရေးဆိုင်ရာနည်းပညာသင်တန်း ၂။ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှုသင်တန်း ၃။သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း ၄။သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း	၁၁
၁၂	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေး စီမံ ကိန်း	၁။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ၂။ငွေကြေးစီမံခန့်ခွဲမှုသင်တန်း ၃။ရပ်ရွာအခြေပြုလူမှုရေးအသင်းအဖွဲ့များ ခိုင်မာအား ကောင်းစေရန် ကူညီထောက်ပံ့ခြင်း ၄။လေ့လာရေးခရီး	၁၂
၁၃	ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း	၁။မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း ၂။မူကြိုကျောင်းကလေးကစားကွင်းတည် ဆောက်ခြင်း ၃။ဆရာ/ဆရာမဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း ၄။ကျောင်းအားကစားပစ္စည်းထောက်ပံ့ခြင်း ၅။ကျောင်းသောက်ရေသန့်ရှင်းရေးရေသန့်စက် တပ်ဆင်ခြင်း	၁၃

		၆။အခမဲ့အာဟာရထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း	
၁၄	ကျန်းမာရေးနည်း ပညာဖွံ့ဖြိုးမှု စီမံကိန်း	၁။အရံသားဖွါးသင်တန်း ၂။ရှေးဦးသူနာပြုသင်တန်း ၃။တိုင်းရင်းဆေးသင်တန်း ၄။ကျန်းမာရေးအသိပညာပေးသင်တန်း	၁၄
၁၅	မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုစီမံကိန်း	၁။တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး	၁၅
၁၆	သဘာဝဘေး လျော့ချ ရေးဖွံ့ဖြိုးမှု စီမံကိန်း	၁။ မီးသတ်ကား ၂။သဘာဝဘေးလျော့ချရေးသင်တန်း	၁၆
၁၇	သဘာဝပါတ်ဝန်း ကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးမှုစီမံကိန်း	၁။ကျေးရွာအမှိုက်ပုံးထားရှိခြင်း ၂။အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း ၃။အမှိုက်စွန့်ပစ်ကန်တည်ဆောက်ခြင်း	၁၇
၁၈	ကျေးရွာမီးလင်း ရေးဖွံ့ ဖြိုးမှု စီမံကိန်း	၁။မဟာဓါတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်းနှင့် မီတာဘောက်များရရှိရေး	၁၈

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူအရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	၄	၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၈	၅	၁၃		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၉	၂၂	၄၁		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၄	၁၇	၃၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၀	၉၅	၁၇၅		
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး	၆	၁၀	၁၆		
စုစုပေါင်း		**၁၃၀**	**၁၅၃**	**၂၈၃**		
စုစုပေါင်း အိမ်ထောင်စု						

ရင်းမြစ် ... (ခ) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့် သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ် မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့် အရွယ်များကိုဆိုလို သည်။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၁)ရှိပြီး လူဦးရေ ပေါင်း(၂၈၃)(ကျား၁၃၀+မ၁၅၃)ရှိသည်။ လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော (၅)ယောက်နှုန်းထက် အနည်းငယ်နည်းသည်ကို တွေ့ရသဖြင့် လူဦးရေ တိုးပွါးမှုနည်းသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် စုစုပေါင်း(၇)ဦးသာရှိသဖြင့် ယခုနှစ်များတွင် ကလေးမွေးဖွါးနှုန်း

ကျဆင်းနေသေးသည်ကို တွေ့ရသည်။ (၅)နှစ်အောက် ကလေး(၁၃)ဦး ရှိသည်ကို သိရှိခြင်းအားဖြင့် လူဦးရေအသင့်အတင့်ရှိပြီး ကာကွယ်ဆေးထိုးရမည့် ကလေးနှင့် မူကြိုကျောင်း တက်ရောက်နိုင်သည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေး ထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တိုင်းတာ တွက်ချက်နိုင်မည်။ မူကြိုကျောင်း လိုအပ်မှုရှိမရှိကိုလည်း အလွယ်တကူဆန်းစစ်နိုင်သည်။ မူလတန်းအရွယ်ကလေး(၄၁)ဦးနှင့် အလယ်တန်းကျောင်းသား အရွယ် (၃၁)ဦး သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူတိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်(၁၇၅) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အနည်းငယ်များပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ် အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့် တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ် ကိုင်နိုင်သောအရွယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၁၅)ဦး ပိုနည်းနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး(၁၆)ဦး သာရှိသဖြင့် သက်ကြီးရွယ်ကြီး အလွန်များ နေသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေကောင်းနေသည်ဟု ခန့်မှန်းနိုင်ပါသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၄)ဦး ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီး များသည် အမျိုးသားများထက် အသက်ရှည်သည်ကို တွေ့နိုင်သည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်	၅၈						မြင့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			ဦးရေ		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁၀						မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	၃						မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၄						မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်							☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅						
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၉၀						☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင် လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ – “**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင်

ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် အိမ်ခြေ(၆၁) ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သူ(၅၈)အိမ်နှင့် မွေးမြူရေးကို အဓိကလုပ်ကိုင်သူ(၁၀)အိမ် ၊ ဈေးရောင်းသူ (၄) အိမ်၊ အိမ်များတွင် အငှါးလိုက်ကျပန်းလုပ်ကိုင်သူ(၁၅)အိမ် ရှိသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀		
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀			
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။အောင်သာယာကျေးရွာတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေး(လက်သမား/ပန်းရံ)လုပ်ငန်း(၂)မျိုးတည်းသာရှိသည်။ ကျေးရွာ၏အဓိကလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ရာသီချိန်တွင်သာ အလုပ်ရကြသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများမှာ (၁၀၀၀)ကျပ် ရကြသော်လည်း အမျိုးသမီးများမှာ (၇၀၀၀)ကျပ်သာရကြသဖြင့် ကျား/မလုပ်အားခများစွာ ခွဲခြားခံရသည်ကိုတွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ မြေယာမဲ့များအတွက် အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် ပြင်ပပြည်တွင်း ပြည်ပ(တရုတ်)သို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြရသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားများသာ အလုပ်အကိုင်ရှိပြီး အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်မရကြပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀၀	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၀	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၅	ကောင်း ☐	သင့်☒	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☒	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၉၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် လယ်(၁၀၀)ကော၊ ယာ(၇၀)ကော၊ ဥယျာဉ်ခြံမြေ (၂၅)ကေနှင့် စုစုပေါင်းစိုက်ပျိုးမြေတစ်ရွာလုံးတွင်(၁၉၅)ကော ရှိသည်။ မြေဆီလွှာ အရည်အသွေး အနေသင့်သည်ကို တွေ့ရသည်။ ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေလပ် ရှိသေးသော်လည်း ကုန်မြေများသာ ကျန်တော့သည်။ စိုက်ပျိုးမြေအများစုမှာ ပုံစံ(၇)များရရှိပြီး ဖြစ်သော် လည်း ရရှိရန်ကျန်သေးသည့် စိုက်ပျိုးမြေများလည်းကျန်သေးသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☒ နည်း ☐မရှိ ☐	လွယ် ☒ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☒
သဘာဝအပင်မျိုးစိတ်မျ ား (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လ	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကဲတူးတွင်း)			☒
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္ထုနှင့်အခြား တွင်းထွက်သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့်ကျောက်များ အသင့်အတင့်ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (ဆင်တုံး မန္တယ်၊ကျန်အပင်များ မြန်မာအမည်မသိကြပါ) အပင်များ အနည်းငယ်ရှိသည်။ ထိရောက်စွာ အသုံးချနိုင်မှုမရှိ။ စည်းကမ်းမဲ့ခုတ်လဲထုတ်ယူခြင်းကြောင့် ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိ။ ဈေးကောင်းမရကြဘဲ ထုတ်ယူသုံးစွဲမှုများခြင်းကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ကျွမ်းကျင်မှုမရှိသောကြောင့် အကျိုးရှိရှိ အသုံးမပြုနိုင်ကြပါ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေး ပညာသင်ကြားနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။ သဘာဝတောရိုင်း တိရစ္ဆာန်အများလည်း မရှိတော့ပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသော အိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့)

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
				မရှိ
အိမ်အခြေအနေ	အလွန် ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန် ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု (၆၁)	၁၈	၁၆	၁၇	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် အိမ်ခြေ(၆၁)အိမ်ရှိပြီး အဆင့်၁ (၁၈) အိမ်၊ အဆင့်၂ (၁၆)အိမ် ၊ အဆင့်၃ (၁၇) အိမ် နှင့် အဆင့်၄ (၁၀) အိမ် ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သော ပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့် မဆိုင်သောပစ္စည်းများ ပိုင်ဆိုင်မှု များသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါ သည်ကိုတွေ့ရသည်။ ထို့ကြောင့် ရာသီအလိုက် ခက်ခဲစွာရှာဖွေလုပ်ကိုင်စားသောက်ကြရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား=_____ အစာလျှော့စား = _____ အထောက်အပံ့ယူ= _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား=_____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား=_____ အစာလျှော့စား = _____ အထောက်အပံ့ယူ= _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် အခြားအစာပြောင်းလဲစားခြင်းနှင့် အစာလျော့စားသည့် အိမ်ထောင်စုမရှိသည်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင် ဝမ်းစာဖူလုံမှု အသင့်တင့်ရှိသည်ကို တွေ့နိုင်သည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၃		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုသည်(၁၀)အိမ် ရှိသဖြင့် အိမ်ထောင်ရှင် အမျိုးသား မရှိသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများနေသည်ကို တွေ့ရသည်။ ၄င်းအိမ်ထောင်စုများအတွက် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၃)အိမ်သာရှိ သဖြင့် ဇနီးသေ/အိမ်ထောင်ကွဲ နည်းသည်ကို တွေ့ရသည်။ လုပ်ခလစာများနည်းခြင်း/ အလုပ်အကိုင်ရှားပါးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်သည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	☒			☒		
၂	လျှပ်တပြတ်ရေကြီးခြင်း	☒			☒		
၃	မုန်တိုင်းဒီရေ	☒			☒		
၄	ဆူနာမီ	☒			☒		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ		
၅	တိုင်ဖုန်းမုန်တိုင်း	☒			☒		
၆	လေဆင်နှာမောင်း	☒			☒		
၇	ငလျင်	☒			☒		
၈	အပူလှိုင်း	☒			☒		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☒			☒		
၁၀	အအေးလှိုင်း	☒			☒		
၁၁	မိုးသီးကြွေကျမှု	☒			☒		
၁၂	မိုးခေါင်ခြင်း	☒			☒		
၁၃	တောမီးလောင်ခြင်း	☒			☒		
၁၄	မြစ်ကမ်းပါးပြိုခြင်း	☒			☒		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	☒			☒		
၁၆	မြေပြိုခြင်း	☒			☒		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	☒			☒		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☒			☒		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☒			☒		
၂၀	သစ်တောပြုန်းတီးခြင်း		☒			☒	
၂၁	ငှက်ဖျားရောဂါ	☒			☒		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ		
၂၂	တီဘီရောဂါ	☒			☒		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	☒			☒		
၂၄	ကပ်ရောဂါ	☒			☒		
၂၅	ပြည်တွင်းပဋိပက္ခ		☒			☒	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု		☒			☒	
၂၇	လူကုန်ကူးခြင်း			☒			☒
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	☒			☒		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ ရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်၊ အိမ်ထောင်စု၁၀၀တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအရ ရေကြီးခြင်းတွင် နှစ်စဉ်ဧရာဝတီမြစ်ရေကြီးခြင်း ရှိသော်လည်း မြေနိမ့်ပိုင်းစိုက်ခင်းများသာ ထိခိုက်ပျက်စီးသောကြောင့် ထိခိုက်လွယ်မှု လတ်ရခြင်းဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်း မရှိသေးသဖြင့် မကြာခဏတိုက်ပွဲများ ဖြစ်ပွားမှုရှိသောကြောင့် ပြည်တွင်းပဋိပက္ခတွင်လည်း ထိခိုက်သက်ရောက်လွယ် မှု လတ်ရခြင်းဖြစ်သည်။

စားနပ်ရိက္ခာမဖူလုံမှု၊သဘာဝအရင်းအမြစ်ရှားပါးရခြင်း၊ ၄ာက်ဖျားရောဂါ၊ တီဘီရောဂါ၊ မီးဘေး စသည်တို့တွင် ထိခိုက်သက်ရောက်လွယ်မှုနိမ့်ခြင်းဖြစ်သည်။

ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် ဖျက်ပိုး၊ ရောဂါများကျရောက်ခြင်း၊ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိခြင်း၊ သွင်းအားစုများ အသုံးမပြုနိုင်ခြင်းနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းခြင်းနှင့် ပုံမှန်အလုပ်အကိုင်မရှိ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ပုံမှန်ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ရှိသော်လည်း စားနပ်ရိက္ခာမဖူလုံမှုတွင် ထိခိုက်သက်ရောက်လွယ်မှုနိမ့်သည်။

လယ်ယာမြေချဲ့ထွင်ခြင်းကြောင့် သစ်တောများပြုန်းတီးလာသဖြင့် ထိခိုက်သက်ရောက်လွယ်မှု မြင့်ရခြင်းဖြစ်သည်။

လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် ထိခိုက်လွယ်မှု မရှိသော်လည်း ကျန်းမာရေးကိစ္စများအတွက် အရေးပေါ်လူနာတင်ယာဉ် များလိုအပ်သည်။

ကျန်ထိခိုက်လွယ်မှုအမျိုးအစားများ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ငလျင်၊ ဆားငန်ရေဝင်မြေ၊ လူကုန်းကူးခြင်းတို့မှာ ထိခိုက်သက်ရောက်လွယ်မှု မရှိသာလျှင်ဖြစ်သည်။

(ဇ-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	☒			☒		
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု		☒			☒	
၃	ဆင်းရဲသားတောင်သူ			☒			
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ	☒			☒		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☒			☒		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	☒			☒		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	☒			☒		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	☒			☒		
၉	ငါးကန်ပိုင်ရှင်များ	☒			☒		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	☒			☒		
၁၁	လူနည်းစုလူမျိုးများ	☒			☒		
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	☒			☒		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	☒			☒		
၁၄	ရွှေတွင်းလုပ်သားများ	☒			☒		
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	☒			☒		
၁၆	နေရပ်ပြန်အခြေချသူများ	☒			☒		
၁၇	ရွှေ့ပြောင်းလုပ်သားများ	☒			☒		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	☒			☒		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည်

မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများတွင် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများသည် ထိခိုက်သက်ရောက်နိုင်မှုမြင့် သည်။မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်များသည် ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ သီးနှံအထွက်နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိခြင်း၊ လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းခြင်း တို့ကြောင့်ဖြစ်သည်။မြေနိမ့်ပိုင်း နေထိုင်သူများ၊ လူနည်းစုလူမျိုးများ၊ ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ၊ ဆေးစွဲသူများနှင့် ရွှေ့ပြောင်းလုပ်သားများသည် ထိခိုက်သက်ရောက်လွယ်မှုနိမ့်ဖြစ်သည်။ကျန်လူ အုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှုမရှိကြပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေး ရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁□၂☒၃□				ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒လုံခြုံရေးနှင့် ကာကွယ် ရေး□	ကောင်း☒ သင့်□ ညံ့□
၂	ပေါ်ခိန်/ မယ်ခိန်	၁□၂☒၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒လုံခြုံရေးနှင့် ကာကွယ် ရေး□	ကောင်း☒ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (မှန်ရာတစ်ခုကိုသာ ရွေး ရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	အပျို/လူပျို	၁□၂☒၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး☒လုံခြုံ ရေးနှင့်ကာကွယ်ရေး□	ကောင်း☒ သင့်□ ညံ့□
၄	အရွန် မီးသတ်	၁□၂☒၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး□လုံခြုံ ရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့☒
၅	မိခင်/ ကလေး	၁□၂☒၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး☒လုံခြုံ ရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☒ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး□လုံခြုံ ရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး□လုံခြုံ ရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ အောင်သာယာကျေးရွာတွင် အဖွဲ့ပေါင်း (၃)ဖွဲ့ရှိပြီး အဖွဲ့(၂)ဖွဲ့မှာ ဘာသာရေးနှင့် လူမှုရေးကို အခြေခံသောအဖွဲ့များဖြစ်ကြပြီး ကျန်(၁)ဖွဲ့မှာ ငွေကြေး၊ လူမှုရေးနှင့် လုံခြုံကာကွယ်ရေးကို အခြေခံသော အဖွဲ့များဖြစ်သည်။ ၄င်းအဖွဲ့များအနက်ရပ်ရွာ၏ လိုအပ်ချက် အရဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့၊ ပေါ်ခိန်၊ မယ်ခိန်နှင့် လူငယ်အဖွဲ့များမှာ စွမ်းဆောင်နိုင်မှုလည်းကောင်းသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိပြီး လူထုနှင့်လည်းအချင်းချင်းအပြန်အလှန် ယုံကြည်မှု ရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီးကြာရှည်လည်းရပ်တည်နိုင်ကြသည်။ အဖွဲ့ဝင်ဦးရေ အရ ကျား/မ အားလုံးပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသောဆုံးဖြတ်ချက်ချနိုင်သော (ဥက္ကဋ္ဌ/ အတွင်းရေးမှူး စသည်) တာဝန်များကိုယူလေ့ရှိ ကြပြီး အမျိုးသမီးများမှာ အရေးမပါသော (အဖွဲ့ဝင်/ သေ့ထိမ်းစသည်) တာဝန်များကို ပေးလေ့ရှိကြသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

